# ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ
# [၁၈၉၄ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ် (၁)]

၁။ ဤနည်းဥပဒေများကို ၁၉၃၂ ခုနှစ် မြေသိမ်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ (၁) မြေတစ်စုံတရာနှင့်ပတ်သက်၍ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် ပုဒ်မ ၅ (က) ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးရမည်ဟု ပုဒ်မ ၁၇၊ ပုဒ်မခွဲ (၄) အရ ညွှန်ကြားခြင်းမရှိလျှင် ကော်လိတ္တော်အရာရှိသည် ပုဒ်မ (၄) ပုဒ်မခွဲ (၁) အရ ထုတ်ပြန်သည့် နို့တစ်အကြောင်းကြားစာတွင် ထိုမြေ၌ အကျိုးခံစားခွင့်ရှိသူ တစ်ယောက်သည် ထိုမြေကို (သို့မဟုတ်) ထိုမြေရှိမြေတစ်စုံတရာကို သိမ်းခြင်းနှင့် စပ်လျဉ်း၍ပုဒ်မ ၅ (က) ပုဒ်မခွဲ (၁) နှင့်အညီကော်လိတ္တော်အရာရှိထံသို့ စာဖြင့် ရေးသားကန့်ကွက်နိုင်ကြောင်းနှင့် ထိုကန့်ကွက်လွှာကို ကော်လိတ္တော်အရာရှိက လက်ခံမည့်နေရာ၊ ထိုကန့်ကွက်လွှာကို တင်သွင်းရမည့်နေ့တို့ကို ဖော်ပြရမည်။

(၂) ဤသို့သောအမှုတွင် ကော်လိတ္တော်အရာရှိသည် ထိုသို့သောအကြောင်းအရာများပါရှိသည့် နို့တစ်အကြောင်းကြားစာကို ထိုမြေ၏ အစိတ်အပိုင်းတစ်ခုခု လက်ဝယ်ရှိသူ တစ်ဦးခြင်းထံသို့ ထို့အပြင် ထိုမြေတွင် အကျိုးခံစားခွင့်ရှိသည်ဟု ကော်လိတ္တော်အရာရှိက ယုံကြည်ရသူတစ်ဦးခြင်းထံသို့ ချအပ်ရမည်၊ နို့တစ်အကြောင်းကြားစာတွင် မြေနှင့် (သို့မဟုတ်) မြေ၏အစိတ်အပိုင်း နှင့်ပတ်သက်သည့် အချက်အလက်များကို ဖော်ပြရမည်။ ထိုနို့တစ်အကြောင်းကြားစာကို ပုဒ်မ ၄၅ တွင်ပြဋ္ဌာန်းထားသည့် အတိုင်း အတည်ပြုချအပ်ရမည်။

(၃) အကယ်၍ မြေတွင် အကျိုးခံစားခွင့်ရှိသူတစ်စုံတစ်ယောက်သည် အခြားဒေသတွင်နေထိုင်ပြီး ထိုမြေတည်ရှိရာ ခရိုင်အတွင်း ဤကိစ္စအလို့ငှာ နို့တစ်အကြောင်းကြားစာကို လက်ခံယူခွင့်ရှိသည့် ၎င်း၏ကိုယ်စားလှယ်မရှိခဲ့လျှင် ထိုနို့တစ်အကြောင်းကြားစာကို ထိုသူနောက်ဆုံးနေထိုင်သွားခဲ့သည့် နေရာလုပ်ငန်းတည်နေရာတို့ကို လိပ်မူ၍စာပို့တိုက်မှတဆင့် ၎င်းထံသို့ ၁၈၉၈ ခုနှစ်စာပို့တိုက်အက်ဥပဒေ ၏ အခန်း VI အရ ရေစစ္စတီမှတ်ပုံတင်၍ ပို့ရမည်။

(၄) ကုမ္ပဏီတစ်ခုက အကျိုးခံစားခွင့်ရှိသည်ဟုသိရသော (သို့မဟုတ်) ယုံကြည်ရသောမြေနှင့် ပတ်သက်သည့်ကိစ္စတွင် နို့တစ်အကြောင်းကြားစာကို ထိုကုမ္ပဏီသို့ ချကပ်ရမည် (သို့မဟုတ်) ထိုကုမ္ပဏီ ၏ရုံးသို့လိပ်မူ၍ ရေစစ္စလီ ပြုလုပ်ပေးပို့ရမည်။

၃။ ပုဒ်မ ၅(က) အရ အောက်ပါအချက်များပေါ်တွင် ကန့်ကွက်ခြင်းဖြစ်လျှင်

(၁) အများပြည်သူအကျိုးစီးပွားအတွက်လိုအပ်မည်ဟု (သို့မဟုတ်) လိုအပ်လိမ့်မည်ဟု ပုဒ်မ ၄၉ပုဒ်မခွဲ (၁) အရ ထုတ်ပြန်သည့် နို့တစ်အကြောင်းကြားစာနှင့် ပတ်သက်သော မြေ၏ကိစ္စတွင် ထိုရည်ရွယ်ချက် သည် အများပြည်သူ အကျိုးစီးပွားမဟုတ် ဟူသောအချက်

(၂) ပုဒ်မ ၄၃ သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုထက် အခြားကုမ္ပဏီ တစ်ခုအတွက် လိုအပ်သည် (သို့မဟုတ်) လိုအပ်လိမ့်မည်ဟု ပုဒ်မ ၄ ပုဒ်မခွဲ(၁) အရ အမိန့်ကြော်ငြာစာထုတ်ပြန်သည့် မြေနှင့် သက်ဆိုင်သော

Myanmar Law Information System (MLIS)

ကိစ္စတွင်လုပ်ငန်းတစ်ခုဆောက်လုပ်ရန်အတွက် ထိုမြေကို မလိုအပ်ကြောင်း (သို့မဟုတ်) လိုအပ်သည်ဟုဆိုသော ဆောက်လုပ်မည့် လုပ်ငန်းသည် အများပြည်သူအတွက် အကျိုးပြုဘွယ်မရှိ ကြောင်း

(၃) ထိုကြံရွယ်ချက်အတွက် အလိုရှိသည်ဟုဆိုသော မြေသည် ဤဒေသတွင် အသင့်လျော်ဆုံးသော မြေမဟုတ်ကြောင်း၊

(၄) ကြံရွယ်ချက်အတွက် သင့်လျော်သော (သို့မဟုတ်) ပို၍သင့်လျော်သော မြေများကို ဤဒေသတွင် ကုန်ကျစရိတ် နည်းနည်းဖြင့်တစ်ဦးတစ်ယောက်ကို ဖြစ်စေ၊ ပြည်သူလူထုကိုဖြစ်စေအဆင်မပြေမှု၊ အနှောင့်အယှက်ဖြစ်မှု ခက်ခဲမှု နည်းစွာဖြင့် ရနိုင်ကြောင်း၊

(၅) ယခုအလိုရှိသောမြေ၏ ဧရိယာအကျယ်အဝန်းမှာ ထိုကြံရွယ်ချက်အတွက် လိုအပ်သည်ထက် ပိုနေကြောင်း၊

(၆) ဘာသာရေးဆိုင်ရာ အဆောက်အဦများ၊ အုတ်ဂူများ၊ သင်္ချိုင်း မြေများပါဝင်နေသောမြေကို သိမ်းယူခြင်းမှ ရှောင်ရှားသင့်ကြောင်း

ကော်လိတ္တော်အရာရှိသည် ကန့်ကွက်သူကို ၎င်းကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ကိုယ်စားလှယ်ဖြင့်ဖြစ်စေ လျှောက်လဲခွင့်ပေးပြီးလျှင် ထိုကန့်ကွက်ချက်ကို အထောက်အခံဖြစ်စေမည့် သက်သေခံများနှင့် စပ်ဆိုင်သော အရာများကို တင်သွင်းနိုင်စေရန် အခွင့်အရေး ပေးရမည့်အပြင်ယင်းသက်သေခံချက်များ ကိုလည်း မှတ်တမ်းတင်ထားရမည်။

**----- Footnote -----**

(၁) ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေအရ ပြုလုပ်သည့်နည်းဥပဒေများ = မြန်မာနိုင်ငံအစိုးရ အခွန်တော်ဌာန (မြေသိမ်းဌာန) ၏ ၁၉၃၂ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄ အရထုတ်ပြန်ကြေညာသည်။

Myanmar Law Information System (MLIS)